ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့ (1-4-2012) (၇၀၈၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ
(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပတ်ဝန်းကျင်** ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း ဆိုသည်။

(ခ) **ပတ်ဝန်းကျင်အရည်အသွေး** ဆိုသည်မှာ သဘာဝနှင့်လူသားများ ရေရှည်တည်တံ့ရေး အကျိုးငှာ တိရစ္ဆာန်၊ အပင်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များအပြင် လူတို့ဖန်တီးပြုလုပ်ထားသော ပစ္စည်းများပါဝင်သည့် သဘာဝ၏ ဟန်ချက်ညီမှုကို ဆိုသည်။

(ဂ) **ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်း** ဆိုသည်မှာ ပတ်ဝန်းကျင်အရည်အသွေးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအလို့ငှာ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအတွက် ယေဘုယျအရည်အသွေး သတ်မှတ်ချက်ကို ဆိုသည်။

(ဃ) **ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှု** ဆိုသည်မှာ အောက်ပါတို့ကို သတ်မှတ်ရန် အချိန်ကာလအပိုင်းအခြားအလိုက် စနစ်တကျမှတ်တမ်းပြုလုပ်၍ ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်ခြင်းကို ဆိုသည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွပ်ကဲမှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုအခြေအနေ၊
(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်၊
(၃) အဆောက်အအုံ၊ မြေနေရာနှင့် ဥပစာများတွင် ဖြစ်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်အမျိုးမျိုး။

(င) **ညစ်ညမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာအသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်စေ၊ တိရစ္ဆာန်နှင့်အပင်များကိုဖြစ်စေ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင် အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက်စေမှုတစ်ရပ်ရပ်ကို ဆိုသည်။

(စ) **အသံညစ်ညမ်းမှု** ဆိုသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှုဖြစ်စေသော၊ အကြားအာရုံ ဆုံးရှုံးမှုဖြစ်ပေါ်စေသော သို့မဟုတ် အခြားအသံခံစားမှုကို အနှောင့်အယှက်ဖြစ်စေသော အသံအတိုင်းအတာတစ်ရပ်ဖြစ်ပေါ်နေမှုကို ဆိုသည်။

(ဆ) **ညစ်ညမ်းပစ္စည်း** ဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပတ်ဝန်းကျင်အစိတ်အပိုင်း သို့မဟုတ် အခြေခံတစ်ရပ်ရပ်ကို အကျိုးရှိစွာအသုံးပြုခြင်းအား ထိခိုက်စေရန် အရည်အသွေးပြောင်းလဲစေသည့် သို့မဟုတ် ကျန်းမာရေးကို ဘေးအန္တရာယ်ဖြစ်သည့် သို့မဟုတ် ဖြစ်စေနိုင်သည့် သို့မဟုတ် ညစ်ညမ်းမှုကို ဖြစ်စေနိုင်သည့် အစိုင်အခဲ၊ အရည် သို့မဟုတ် အခိုးအငွေ့ကို ဆိုသည်။

(ဇ) **စွန့်ပစ်ပစ္စည်း** ဆိုရာတွင် ပတ်ဝန်းကျင်၌ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ပစ္စည်းပမာဏ၊ ဖွဲ့စည်းမှု သို့မဟုတ် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ပတ်ဝန်းကျင်တွင် စွန့်ပစ်သည့်၊ ထုတ်လွှတ်သည့် သို့မဟုတ် စုပုံသည့် ရေဒီယိုသတ္တိကြွပစ္စည်းအပါအဝင် အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့အပြင် ဤဥပဒေနှင့်အညီ စွန့်ပစ်ပစ္စည်းဖြစ်သည်ဟု သတ်မှတ်ထားသော အရာတစ်ခုခုလည်း ပါဝင်သည်။

(ဈ) **ဘေးအန္တရာယ်ရှိပစ္စည်း** ဆိုသည်မှာ ဓာတုပစ္စည်းဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လူ၊ တိရစ္ဆာန်၊အပင်၊ ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသီဟဟန်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသည့် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကြေးမုံ စာတည်းရှထောင့်

၁-၄-၂၀၁၂[တနင်္ဂနွေနေ့]။

ပွင့်လင်းမြင်သာ မျှတမှုရှိရှိ

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက်တွင် ပထမဆုံးပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့်နေ့ဖြစ်သည်။ ထိုနေ့တွင် မိဘပြည်သူများ၏ မှန်ကန်သောဆုံးဖြတ်ချက်ဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုဆောင်ရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ကြပြီဖြစ်သည်။

ယင်းသို့ရွေးချယ်ကြခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "ရွေးကောက်ပွဲများ၏ ထုံးစံအရ ရှုံးသူနှင့်နိုင်သူ ထွက်ပေါ်လာမည်ဖြစ်သော်လည်း ထွက်ပေါ်လာသည့်ရလဒ်ကို အားလုံးက ကျေနပ်လက်ခံနိုင်အောင် နားလည်မှုရှိရှိ ယုံကြည်မှုရှိရှိ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်သွားရန် လိုပါကြောင်း၊ မိဘပြည်သူများ၏အဆုံးအဖြတ်ကို ခံယူကြရာတွင် အရှုံးကိုတွေ့ကြုံရသော်လည်း ရှုံးနိမ့်မှုကို ခံယူတတ်ရန်၊ နားလည်တတ်ရန် အရေးကြီးပါကြောင်း၊ မိဘပြည်သူများ၏ ဆုံးဖြတ်ချက်သည် အဓိကဖြစ်သည်ကို နိုင်ငံရေးပါတီများအနေဖြင့် နားလည်ယုံကြည်ထားကြရန်လည်း လိုအပ်ပါကြောင်း"ဖြင့် မတ် ၂၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသော တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားသွားခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှာ သက်တမ်းနုနယ်သော်လည်း သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများကို ကျင်းပပေးနေပြီဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အနေဖြင့် အခက်အခဲများရှိသော်လည်း နိုင်ငံရေးပါတီများ ထိခိုက်နစ်နာမှုမရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးမှာ ကော်မရှင်တစ်ခုတည်းနှင့် မလုံလောက်ဘဲ သက်ဆိုင်ရာနိုင်ငံရေးပါတီများအပြင် အစိုးရ၊ မီဒီယာ၊ မိဘပြည်သူအားလုံး နားလည်မှုရှိစွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမှာ ဖြစ်သည်။

ထိုအရေးကိစ္စသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမှာဖြစ်သည်။ ကော်မရှင်အနေဖြင့် မဲစာရင်းများပြုစုရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြပြီး အမှားအယွင်းများ ရှိခဲ့သဖြင့် နောက်ဆုံးအတည်ပြု ရက်စွဲကို မတ် ၂၄ ရက်အထိ ရွှေ့ဆိုင်းသတ်မှတ်ပေးခဲ့ကာ နိုင်ငံရေးပါတီများ နစ်နာမှုမရှိစေရေး၊ မဲဆန္ဒရှင်ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် လိုက်လျောဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့ရသည်။

ယခုကျင်းပသည့် ရွေးကောက်ပွဲတွင် ပါတီပေါင်း ၁၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၁၆၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ရန်စာရင်းပေးထားပြီး မဲဆန္ဒရှင်များ စိတ်ချမ်းမြေ့စွာဖြင့် မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။ မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့ကို ဆောင်ရွက်ကြရာ၌ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် အများပြည်သူအသိသက်သေ ၁၀ ဦး ရှေ့မှောက်တွင် ဥပဒေနှင့်အညီ မဲရေတွက်မည်ဖြစ်သည်။

ထို့ကြောင့် ယနေ့ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များကို မိဘပြည်သူများ၏ဆုံးဖြတ်ချက်ဖြင့် စနစ်တကျရွေးချယ်ပေးမည့် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်သည်ဟု ရှုမြင်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ပတက္ကသိုလ်/ကောလိပ်တို့မှ အဖွဲ့များတွေ့ဆုံ

နေပြည်တော် မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Johns Hopkins University မှ Assistant Professor , Dr. Myaing Myaing Nyunt ဦးဆောင်သောအဖွဲ့သည် မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ Asia Royal Australasian College မှ Dr. James HB Kong သည် ညနေ ၃ နာရီ တွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

Johns Hopkins University နှင့် တွေ့ဆုံရာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ လေ့ကျင့်သင်ကြားရေး၊ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Johns Hopkins University မှ Assistant Professor, Dr. Myaing Myaing Nyunt ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

Asia Royal Australasian College အဖွဲ့နှင့်တွေ့ဆုံရာတွင် ထိခိုက်ဒဏ်ရာကုသမှုနှင့် အရေးပေါ်ကျန်းမာရေးလုပ်ငန်းများ၊ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ထိရောက်စွာကုသနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၄-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅	တရားတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	အမျိုးသားရေးတေးကဗျာ
၈း၁၅	မြန်မာသကြံန်
၁၁း၁၅	မြန်မာသကြံန်
၁၁း၂၀	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၄၄)
၁၁း၅၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မျိုးဆက်သစ္စာ
၁၂း၄၀	ကျန်းမာသုတ
၁း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၁၃)
၄း၂၅	လျှပ်တစ်ပြက်
၄း၄၅	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၀၅	မြန်မာသကြံန်
၅း၃၀	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	ဘဝကြေးမုံ
၆း၅၀	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူရဲကောင်းလေးကျွန်မချစ်သူ (အပိုင်း-၈)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ယနေ့ရန်ကုန်မြင်ကွင်းစုံ -ပဟေဠိနန်းတော် -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်"(အပိုင်း-၈) ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရုဏ်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၁၅)**

သွေးသည် အသက်

အဆင့်မြင့်ဈေးဆိုင်ခန်း တည်ဆောက်ခြင်းလုပ်ငန်းအပ်နှံမှု လက်မှတ်ရေးထိုးပွဲကျင်းပ

တောင်ကြီး မတ် ၃၁

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပေါင်းစည်းမြန်မာအစုအဖွဲ့ ကုမ္ပဏီလီမိတက် (UNITED MYANMAR GROUP WORLD CO.,LTD.) တို့၏ မြို့မဈေးကြီး အပိုင်း(၄) အပေါ်ထပ် (ဒုတိယထပ်)တွင် အဆင့်မြင့်ဈေးဆိုင်ခန်း (Super Market) တည်ဆောက်ခြင်းလုပ်ငန်းအပ်နှံမှု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များ၊ ဒေသခံမိဘပြည်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက (Super Market) ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပေါင်းစည်းမြန်မာအစုအဖွဲ့ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနောင်က လုပ်ငန်းဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပေါင်းစည်းမြန်မာအစုအဖွဲ့ကုမ္ပဏီလီမိတက်တို့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ဂျာမနီနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၃၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mr. Christian Ludwig Weber Lortsch သည် ယဉ်ကျေးမှုသံမှူး Mrs. Katrin Fruehinsfeld လိုက်ပါလျက် မတ် ၂၈ ရက် ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ ရုံးအဖွဲ့မှူး ဦးအောင်နိုင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၀၀၀	၀. ၀၃၂၄၇
တရုတ် (ယွမ်)	၆. ၂၉၇၀၀	၀. ၁၅၈၈၁
အိန္ဒိယ (ရူပီး)	၅၀. ၈၇၀၀	၀. ၀၁၉၆၆
မလေးရှား (ရင်းဂစ်)	၃. ၀၆၂၀၀	၀. ၃၂၆၅၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၇၇၅	၀. ၇၉၅၀၇
ဂျပန် (ယန်း)	၈၂. ၈၇၀၀	၀. ၀၁၂၀၇
တောင်ကိုရီးယား(ဝမ်)	၁၁၃၂. ၀၅	၀. ၀၀၀၈၈
ယူရို	၀. ၇၄၉၄၀	၁. ၃၃၄၄၀
ဗြိတိသျှ (ပေါင်)	၀. ၆၂၄၅၁	၁. ၆၀၁၂၅

အင်တာနက်။

ကျေးရွာများသို့ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းကုသ

မော်လူး မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ကသာခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းလွင်နှင့် အထူးကုသမားတော်ကြီးများသည် မတ် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် မော်လူးတိုက်နယ်ဆေးရုံသို့ ရောက်ရှိလာရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ အင်းတော်မြို့နယ် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ပြေ၊ မော်လူးတိုက်နယ်ဆရာဝန်နှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

အထူးကုသမားတော် ဆရာဝန်ကြီးများသည် မော်လူးတိုက်နယ်ဆေးရုံ၌ အခမဲ့ဆေးဝါးကုသပေးခဲ့ရာ**(ယာပုံ)** ရောဂါဌာနအလိုက် ဆေးဝါးကုသခံယူသူ ၄၅၀ ကျော်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အသင်းအဖွဲ့အစည်းများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် တိုက်နယ်ဆရာဝန်တို့၏ အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။(၆၈၆)

❐ ရှေ့ဖုံးမှ

အန္တရာယ်ဖြစ်စေနိုင်သည့် ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဇီဝလက်နက်အဖြစ် ဖန်တီးအသုံးပြုနိုင်သောပစ္စည်း၊ နျူကလီးယားလက်နက်အဖြစ် အသုံးပြုနိုင်သောပစ္စည်း၊ မီးလောင်စေတတ်သောပစ္စည်း၊ အောက်ဆီဂျင်ဖြင့် ဓာတ်ပြုစေတတ်သောပစ္စည်း၊ အဆိပ်အတောက်ဖြစ်စေတတ်သော ပစ္စည်း၊ ရောဂါဖြစ်ပွားစေတတ်သောပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊ မျိုးရိုးဗီဇပြောင်းလဲစေတတ်သောပစ္စည်း၊ စားလောင်စေတတ်သောပစ္စည်း၊ ယားယံရောင်ရမ်းစေခြင်းအပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောပစ္စည်း သို့မဟုတ် အရာဝတ္ထုကိုဆိုသည်။

(ည) **အကျိုးရှိစွာအသုံးပြုခြင်း** ဆိုသည်မှာ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်ပေါ်စေနိုင်ရန် စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများ၊ ထုတ်လွှတ်ပစ္စည်းများနှင့် စုပုံပစ္စည်းများ၏ ဆိုးကျိုးသက်ရောက်မှုမှ လိုအပ်သော ကာကွယ်မှုများပြုလုပ်၍ ပတ်ဝန်းကျင်ကိုဖြစ်စေ၊ ပတ်ဝန်းကျင်အခြေခံတစ်ရပ်ရပ်ကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ရပ်ရပ်ကိုဖြစ်စေ အသုံးပြုခြင်းကိုဆိုသည်။

(ဋ) **ပိုမိုသန့်ရှင်းစွာထုတ်လုပ်မှု** ဆိုသည်မှာ သယံဇာတအရင်းအမြစ် အသုံးချမှု ပိုမိုထိရောက်စေရေး၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့် ထုတ်လွှတ်အခိုးအငွေ့များ အနည်းဆုံးဖြစ်စေရေး၊ ကောင်းမွန်သန့်ရှင်းသော သဘာဝနှင့် လူ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံမဟာဗျူဟာများဖြင့် စဉ်ဆက်မပြတ် အသုံးချဆောင်ရွက်ခြင်းကိုဆိုသည်။

(ဌ) **ထိန်းချုပ်ရေးပစ္စည်းကိရိယာ**ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-
(၁) စွန့်ပစ်ပစ္စည်းသိမ်းဆည်းသည့် ကိရိယာတန်ဆာပလာတစ်ခုခု၊
(၂) ပစ္စည်းကိရိယာတစ်ခုခုကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရေးအတွက် အသုံးပြုနိုင်သည့် အလိုအလျောက် ကိရိယာတစ်ခုခု၊
(၃) ညစ်ညမ်းမှုကို ညွှန်ပြသည့်၊ မှတ်တမ်းတင်သည့် သို့မဟုတ် အလွန်အမင်းညစ်ညမ်းမှုကို သတိပေးအချက်ပြသည့် ကိရိယာတစ်ခုခု၊
(၄) ညစ်ညမ်းမှုကို ကန့်သတ်ရန်အလို့ငှာ အသုံးပြုသည့် အခြားကိရိယာ သို့မဟုတ် အထောက်အကူပြုသည့်ပစ္စည်းတစ်ခုခု။

(ဍ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ဆိုသည်။

(ဎ) **ပိုင်ရှင်** ဆိုသည်မှာ အဆောက်အအုံ၊ မြေနေရာ သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို ပိုင်ဆိုင်သူ၊ လုပ်ငန်းရှင်၊ တာဝန်ခံလုပ်ကိုင်ဆောင်ရွက်သူ၊ အငှားချသူ သို့မဟုတ် ပစ္စည်းထိန်းသော်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တစ်ဦးဦး၏ အမွေဆက်ခံသူ၊ ယုံမှတ်အပ်နှံခံရသူ သို့မဟုတ် ကိုယ်စားလှယ်သော်လည်းကောင်း ဆိုသည်။

(ဏ) **လက်ရှိဖြစ်သူ** ဆိုသည်မှာ အဆောက်အအုံ၊ မြေနေရာတစ်ခုခုကို သော်လည်းကောင်း၊ ယင်း၏ အစိတ်အပိုင်းတစ်ခုခုကိုသော်လည်းကောင်း၊ ယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်း လက်ရှိဖြစ်သူ သို့မဟုတ် ကြီးကြပ်ကွပ်ကဲသူတစ်ဦးဦးကို ဆိုသည်။

(တ) **ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေ** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဘေးအန္တရာယ် သို့မဟုတ် ညစ်ညမ်းမှုကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်းမပြုပါက အများပြည်သူအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို သော်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုသော်လည်းကောင်း ထိပါးစေနိုင်သည့် အခြေအနေကို ဆိုသည်။

(ထ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် သက်ဆိုင်ရာဦးစီးဌာနကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊
(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန် အလို့ငှာအခြေခံမူများချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊
(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊
(ဃ) ဆုတ်ယုတ် ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊
(င) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊
(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊
(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊
(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း (၃)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သောအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။
(ခ) အဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊
(ခ) ကျောင်းသင်ခန်းစာများတွင်ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်း၊
(ဂ) ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများ လက်ခံရယူခြင်း၊ ယင်းငွေနှင့် ပစ္စည်းများ၊ နည်းပညာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သလို စီမံခန့်ခွဲအသုံးပြုခြင်း၊
(ဃ) သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင့်လျော်သည့် အကြံပြုချက်များနှင့် တိုက်တွန်းချက်များ ပေးပို့ခြင်း၊
(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လိုအပ်သော အဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံခြင်း၊
(စ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ ထိခိုက်ပျက်စီးနိုင်သော အခြေအနေများ ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား တားမြစ်ခြင်းနှင့် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ မူဝါဒ တောင်းခံခြင်း၊
(ဆ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒများနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း။

အခန်း(၄)
ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ခ) ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့်ဆိုင်သော လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ဒေသဆိုင်ရာလုပ်ငန်း အစီအစဉ်များကိုလည်းကောင်း ရေးဆွဲချမှတ်ခြင်း၊
(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျော့နည်းပပျောက်ရေးတို့အတွက်လည်းကောင်း အစီအစဉ်များကို ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊
(ဃ) ပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ထုတ်လွှတ်အခိုးအငွေ့များ၊ စွန့်ထုတ်အရည်များနှင့် စွန့်ထုတ်အစိုင်အခဲများ၊ ကုန်ထုတ်လုပ်မှုနည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် ထွက်ကုန်များ၏ စံချိန်စံညွှန်းများအပါအဝင် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊
(င) ပတ်ဝန်းကျင်နှင့်စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုနည်းလမ်းများနှင့် စည်းကမ်းချက်များအတွက် အဆိုပြုချက်များကို ကော်မတီသို့ တင်ပြခြင်း၊
(စ) ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းရန် အထောက်အကူပေးခြင်းနှင့် လိုအပ်ပါက ယင်းအငြင်းပွားမှုများကို ညှိနှိုင်းပေးရန် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊
(ဆ) စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော် ထုတ်လုပ်ရေးလုပ်ငန်း၊ အညစ်အကြေး စွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့် ပစ္စည်းများထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်း၏ အမျိုးအစားနှင့် အတန်းအစားများကို သတ်မှတ်ခြင်း၊
(ဇ) ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတိုရေရှည်တွင် သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများ သတ်မှတ်ခြင်း၊
(ဈ) အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ၊ စခန်းများ တည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း၊
(ည) စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊ အဆောက်အအုံများတွင် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း၊ စက်၊ ယာဉ်၊ ယန္တရားများက ထုတ်လွှတ်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း၊
(ဋ) ပတ်ဝန်းကျင်ရေးရာနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်း သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ အစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဌ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် အရည်အသွေး မြှင့်တင်ရေးတို့အတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်းသဘောတူညီချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ကော်မတီကဖြစ်စေ ချမှတ်သည့် လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဍ) အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်မည့် စီမံချက် သို့မဟုတ် လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်စေခြင်း၊
(ဎ) အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ အဏ္ဏဝါကမ်းခြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကိုလျော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှုတိုက်ဖျက်ရေး၊ ပျက်စီးရန် မလွယ်ကူသော ညစ်ညမ်းပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်ခြင်း၊
(ဏ) ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း၊
(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ ဝန်ကြီးဌာနသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ငွေစာရင်းတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ရမည်။

အခန်း(၅)
ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ

၉။ (က) ကော်မတီသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုတွင်သော်လည်းကောင်း၊ နယ်မြေတစ်ခုခုတွင်သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့ အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။
(ခ) ကော်မတီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ရမည်။

အခန်း(၆)
ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ

၁၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများကို သတ်မှတ်နိုင်သည်-
(က) မြစ်၊ ချောင်း၊ တူးမြောင်း၊ စိမ့်စမ်းအင်းအိုင်၊ နွံတော၊ ကန်၊ ရေလှောင်တမံနှင့် အများပြည်သူဆိုင်ရာ အခြားကုန်းတွင်းရေရရှိနိုင်သည့်နေရာများတွင် အသုံးချမှုအလိုက် ဆီလျော်သည့် မြေပေါ်ရေ အရည်အသွေးစံချိန်စံညွှန်းများ၊
(ခ) ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝဒေသများအတွက် ရေအရည်အသွေး စံချိန်စံညွှန်းများ၊
(ဂ) မြေအောက် ရေအရည်အသွေး စံချိန်စံညွှန်းများ၊
(ဃ) လေထုအရည်အသွေး စံချိန်စံညွှန်းများ၊
(င) အသံနှင့်တုန်ခါမှု စံချိန်စံညွှန်းများ၊
(စ) ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများ၊
(ဆ) စွန့်ထုတ်အရည် စံချိန်စံညွှန်းများ၊
(ဇ) စွန့်ထုတ်အစိုင်အခဲ စံချိန်စံညွှန်းများ၊
(ဈ) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ။

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် သိပ္ပံနှင့် နည်းပညာ တိုးတက်မှုများနှင့်အညီသော်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို အချိန်ကာလနှင့် နေရာဒေသအလိုက် အများပြည်သူအကျိုးငှာ ဖြည့်စွက်ပြင်ဆင် သတ်မှတ်နိုင်သည်။

၁၂။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းထက် ပိုမိုပါက ဆက်လက်အတည်ဖြစ်စေရမည်ဖြစ်ပြီး ယင်းစံချိန်စံညွှန်းအောက် လျော့နည်းပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းကသာလျှင် အတည်ဖြစ်စေရမည်။

အခန်း(၇)
ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၃။ ဝန်ကြီးဌာနသည် ကော်မတီ၏ လမ်းညွှန်ချက်အရ အောက်ပါလုပ်ငန်းကိစ္စရပ်များတွင် မိမိဝန်ကြီးဌာန ကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘက်စုံစောင့်ကြပ် ကြည့်ရှုစစ်ဆေးရေးစနစ်ထားရှိ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ ၃ မှ

(က) ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေမည့် စိုက်ပျိုးရေး လုပ်ငန်းသုံး ဓာတုပစ္စည်းများကို အသုံးပြုခြင်း၊
(ခ) စက်မှုလုပ်ငန်းများတွင် ညစ်ညမ်းပစ္စည်း၊ ဘေးအန္တရာယ်ရှိပစ္စည်း များ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ သန့်စင် ခြင်းနှင့် စွန့်ပစ်ခြင်း၊
(ဂ) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းများမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊
(ဃ) အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(င) ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်း ကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၄။ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။

၁၅။ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာ တစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက် စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်း ကိရိယာ ကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၆။ စက်မှုနယ်မြေရှိ လုပ်ငန်းကိုဖြစ်စေ၊ အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းကိုဖြစ်စေ၊ ဝန်ကြီးဌာနက သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက် သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-
(က) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ပြုပြင်သန့်စင်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်းအစီအမံ တွင် သတ်မှတ်သည့်ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက် ရန် တာဝန်ရှိသည်။
(ခ) သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန်နှင့် လုပ်ငန်း အဖွဲ့အစည်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ်မှတ် သည့် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရ မည်။
(ဂ) သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် လုပ်ငန်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန် သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

အခန်း(၈)
မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှု

၁၇။ ဝန်ကြီးဌာနသည် မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက် ကော်မတီ က ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရာတွင် လိုအပ်သလို အကြံပေးခြင်းပြုရမည်-
(က) ဇုန်နယ်မြေသတ်မှတ်ခြင်းအပါအဝင် မြေအသုံးချမှု စီမံကိန်းများ ချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊
(ခ) အချက်အချာကျသော မြို့ပြဒေသများရှိ တည်ဆောက်ရေးလုပ်ငန်း များကို စီမံခန့်ခွဲခြင်း၊
(ဂ) လူနေအိမ်ရာချထားမှု စီမံခန့်ခွဲခြင်း၊
(ဃ) စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊
(င) မြေ၊ ရေ၊ လေနှင့် အသံညစ်ညမ်းမှုအပါအဝင် ညစ်ညမ်းမှုများ ထိန်းချုပ်ခြင်း၊
(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း။

အခန်း(၉)
သဘာဝသယံဇာတအရင်းအမြစ်များနှင့်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်း

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါ သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်း၊ စဉ်ဆက်မပြတ်အသုံးပြုခြင်း၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ လမ်းညွှန်ချက် နှင့်အညီ ဆောင်ရွက်ရမည်-
(က) သစ်တောသယံဇာတအရင်းအမြစ်များ၊
(ခ) မြေသယံဇာတအရင်းအမြစ်များ၊
(ဂ) မြေအောက်ရေအပါအဝင် ရေချိုသယံဇာတအရင်းအမြစ်များ၊
(ဃ) ဓာတ်သတ္တုသယံဇာတအရင်းအမြစ်များ၊
(င) စိုက်ပျိုးရေးဆိုင်ရာအရင်းအမြစ်များ၊
(စ) ရေလုပ်ငန်းဆိုင်ရာသယံဇာတအရင်းအမြစ်များ၊
(ဆ) အဏ္ဏဝါဆိုင်ရာသယံဇာတအရင်းအမြစ်များ၊
(ဇ) သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂေဟစနစ်များ၊
(ဈ) သဘာဝနယ်မြေများ၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊
(ည) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားသဘာဝ သယံဇာတအရင်းအမြစ်များ။

၁၉။ ဝန်ကြီးဌာနသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊ ယဉ်ကျေးမှု အထိမ်းအမှတ်အဆောက်အအုံများနှင့် သဘာဝနယ်မြေများ အစဉ်တည်တံ့ခိုင်မြဲရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပုဒ်မ ၁၈ နှင့် ၁၉ တို့ပါ ကိစ္စရပ်များအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာများကို ပံ့ပိုးကူညီရမည်။

အခန်း(၁၀)
ကြိုတင်ခွင့်ပြုချက်

၂၁။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပတ်ဝန်းကျင် အရည်အသွေးကို ထိခိုက်စေနိုင်သောလုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၂၂။ ဝန်ကြီးဌာနက ပုဒ်မ ၂၁ အရ သတ်မှတ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစား၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ကြိုတင် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက် များနှင့်အညီ ညီညွတ်ခြင်း ရှိ မရှိစိစစ်ပြီးနောက် စည်းကမ်းချက်များသတ်မှတ်၍ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက် များနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်းပြုနိုင်သည်။

၂၅။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကြိုတင် ခွင့်ပြုချက်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင် သည်-
(က) သတိပေးပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုးစေခြင်း၊
(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာ ဆောင်ရွက်စေခြင်း။

အခန်း(၁၁)
အာမခံ

၂၆။ ကြိုတင်ခွင့်ပြုချက်ရရှိသူသည် ပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့် မတော်တဆ ဖြစ်မှုတစ်ခုခုအတွက် ယင်းတို့၏ လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံ အမျိုးအစားအလိုက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားရှိရမည်။

၂၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၆ အရ အာမခံထားရမည့် လုပ်ငန်းကို ဆောင်ရွက် သော သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ မြန်မာ့အာမခံလုပ်ငန်းက ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် အတိုင်းအတာနှင့် အလားအလာကို သဘောထား မှတ်ချက်တောင်းခံလာလျှင် သဘောထားမှတ်ချက်ပေးရမည်။

အခန်း(၁၂)
တားမြစ်ချက်များ

၂၈။ မည်သူမျှ ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရ။

၂၉။ မည်သူမျှ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၀။ မည်သူမျှ ဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ် ခြင်းမပြုရ။

အခန်း(၁၃)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်သည့်လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင် ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာ စာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို-
(က) ပုဒ်မ ၃၂ အရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးစေ ရန် အမိန့်ချမှတ်ခြင်းခံရမည်။
(ခ) ပုဒ်မခွဲ(က)အရ အမိန့်ချမှတ်ခြင်းခံရလျှင် ပေးလျော်ရမည့် လျော်ကြေးငွေကိုပေးရန် ပျက်ကွက်ပါက တည်ဆဲအခွန်၊ အခ ဥပဒေများနှင့်အညီ အရကောက်ခံရမည်။

၃၄။ မည်သူမဆို ပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနက တားမြစ်ထားသော ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်းကြောင်း၊ ပြည်ပသို့တင်ပို့ကြောင်း၊ ထုတ်လုပ်ကြောင်း၊ သိုလှောင်ကြောင်း၊ သယ်ယူကြောင်း သို့မဟုတ် ရောင်းဝယ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခံရမည်။ ထို့အပြင် ယင်းပစ္စည်းအား ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေ သောအဆင့်အထိ ပြုပြင်ပြောင်းလဲစွန့်ပစ်ရန်အတွက် ကုန်ကျသောစရိတ်ကို ထိုသူက ကျခံစေရမည်။

အခန်း(၁၄)
အထွေထွေ

၃၅။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၃၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုအား နိုင်ငံတော်နှင့် ပြည်သူ့ အကျိုးငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်သည်။

၃၇။ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာချက်အရ တစ်စုံ တစ်ရာ ဆောင်ရွက်ရခြင်းကြောင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် ကုန်ကျစရိတ်များ ကျခံခဲ့ရလျှင် ယင်းကုန်ကျစရိတ်များကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေမှ တောင်းခံခွင့်ရှိသည်။

၃၈။ ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံ အမျိုးအစားကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရရှိထားသော လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကိုသာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ထုတ်ပေးရမည်။

၃၉။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်ချမှတ် ခြင်းခံရသည့် ကြိုတင်ခွင့်ပြုချက်ရရှိသူက စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအတွက် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင် ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။
(ခ) ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို လက်ခံရရှိသော အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ထုတ်ပေးထားသော လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့် အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၄၀။ ပုဒ်မ ၃၂ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပြန်ခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည် ဖြစ်စေရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင်-
(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာ စာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁-၄-၂၀၁၂ (တနင်္ဂနွေနေ့)

- ၅း၄၀ "ဆွမ်းဒကာတိဿအကြောင်း ဥပမာပြ" ခန္ဓာညဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၈း၅၀ The Shop Around The Corner
- ၁၂း၄၀ Oregon State University အကြောင်းသိကောင်းစရာ
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၂၄)**
- ၄း၀၀ MNL MYANMAR 2012 (Yangon United Vs Rakhapura)(LIVE)
- ၆း၁၅ ရန်ကုန်မြင်ကွင်းကျယ် (Forever Gems by ရွှေနန်းတော် Jewellery Centre ဖွင့်ပွဲ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၃၂)**
- ၇း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၄၉)
- ၈း၃၀ "နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" Live Show (Part-7)
- ၁၁း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၀၉)**
- ၁၂း၂၀ Sunday Talk (ချစ်ဝင်းမောင်၊ မျိုးမြတ်သူ)
- ၁း၄၅ သွားမယ်၊ စားမယ် (ဒယ်ဝေါင်းဂတ် Korean Restaurant)
- ၂း၁၀ သွေးသစ္စာ (မင်းသွေး၊ ပုလဲဝင်း၊ ဦးစိုးမြင့်) [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
- ၂း၂၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၄း၅၀ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၀၀	Newcastle	-	Liverpool	(ESPN)
၉း၃၀	Spurs	-	Swansea	(ESPN)(MRTV-4)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၃၁

ကယားပြည်နယ် ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ်အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်လူမှုရေးဝန်ကြီး ဦးကိုးရယ်က ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစွမ်းဆောင်မှု အကောင်းဆုံးမြို့နယ် ပထမဆုရ ဘောလခဲမြို့နယ်၊ ဒုတိယဆုရ လွိုင်ကော်မြို့နယ်နှင့် တတိယဆုရ မယ်စဲ့မြို့နယ်တို့အား ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ပြီး အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခြိမ်းခြောက်မှုရှိလျှင် မြောက်ကိုရီးယားဒုံးကျည် ဂျပန် ကြားဖြတ်ပစ်ချမည်ဟုဆို

တိုကျို မတ် ၃၁

မြောက်ကိုရီးယားက ပစ်လွှတ်မည်ဟု မျှော်လင့်ရသည့် တာဝေးပစ်ဒုံးကျည် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ခုသည် ဂျပန်နိုင်ငံကို ခြိမ်းခြောက်လာမည်ဆိုလျှင် ကြားဖြတ်ပစ်ချရန်အတွက် ဂျပန်ကာကွယ်ရေးဝန်ကြီးက ၎င်း၏ ဒုံးကျည်တပ်ဖွဲ့ကို သောကြာနေ့တွင် အမိန့်ထုတ်ပြန်ထားကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ဧပြီ ၁၂ မှ ၁၆ ရက်အတွင်း မြောက်ကိုရီးယားနိုင်ငံ အနောက်ဘက်ကမ်းခြေမှ ပစ်လွှတ်မည့် အန်ဟာ-၃ ဒုံးကျည်သည် ဂျပန်နိုင်ငံ အနောက်ပိုင်းကို ဖြတ်ကျော်မည်ဟု မျှော်လင့်ရသည်။

ယင်းသို့ပစ်လွှတ်ရာတွင် မအောင်မြင်ခြင်း သို့မဟုတ် ပျက်ကျခြင်းများဖြစ်မည်ကို စိုးရိမ်ကြောင့်ကြဖြစ်လျက်ရှိသည်။ ဂျပန်နိုင်ငံအပေါ် ပျက်ကျခဲ့လျှင် ဂျပန်နိုင်ငံသားတို့၏ အသက်အန္တရာယ်နှင့် အဆောက်အအုံ၊ ပစ္စည်းဥစ္စာများကို ထိခိုက်နိုင်သည်။

ပစ်ချရန်ပြင်ဆင်ထား

ဂျပန်အမျိုးသားလုံခြုံရေးကောင်စီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကာကွယ်ရေးဝန်ကြီး နာအိုကီတာနား၏ အမိန့်ထွက်ပေါ်လာခြင်းဖြစ်သည်။ အစောပိုင်းညွှန်ကြားချက်မှာ ဂျပန်ပိုင်နက်နယ်မြေအပေါ် ဒုံးကျည် ဖြတ်သန်းခဲ့လျှင် ပစ်ချရန်အတွက် ပြင်ဆင်ထားကြရန် ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် "အေးဂျစ်" ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပစိဖိတ်နှင့် အရှေ့တရုတ်ပင်လယ်သို့လည်းကောင်း၊ "ပီထရော့" ဒုံးပစ်စင်များကို အိုကီနာဝါသို့လည်းကောင်း ပို့ထားရန် ပါဝင်သည်။

ဒုံးကျည်ဖြတ်သန်းသွားမည့် လမ်းကြောင်းနှင့် ဝေးသော်လည်း တိုကျိုမြို့၌ ကြားဖြတ်ပစ်ချမည့်ဒုံးကျည်တပ်ဖွဲ့ကို တပ်စွဲထားဖွယ်ရာရှိသည်။

အင်တာနက်။

အဆင်သင့်အနေအထားဖြစ်နေသည့် ဒုံးကျည်တပ်ဖွဲ့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟေတီနိုင်ငံတွင် မြေပြိုမှုဖြစ်ပွား ခြောက်ဦးသေဆုံး

ဆန်တိုဒိုဗင်ဂို မတ် ၃၁

ဟေတီနိုင်ငံမြို့တော် ပေါ်တိုပရင့်တွင် လွန်ခဲ့သောရက်များက မိုးသည်းထန်စွာရွာသွန်းခဲ့ရာ နောက်ဆက်တွဲဆိုးကျိုးအဖြစ် မြေပြိုမှုဖြစ်ပွားရာ လူခြောက်ဦး သေဆုံးသွားကြောင်း ဟေတီနိုင်ငံမှ အာဏာပိုင်များက မတ် ၂၉ ရက်တွင် ပြောကြားသည်။

မတ် ၂၈ ရက် ညပိုင်းက ပေါ်တိုပရင့်မြို့အထက်ပိုင်းတွင် မြေပြိုမှုကြောင့် မိသားစုနှစ်စုအားမြေများဖုံးအုပ်သွားပြီး ထောင်ချီရှိသောပြည်သူများမှာလည်း အသက်ရှင်သန်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟု ဆိုသည်။

လွန်ခဲ့သောရက်သတ္တပတ်က ဟေတီရှိပြည်သူ ၆၄၈၂၅ဦးကို ၎င်းတို့၏နေအိမ်များမှ ခေတ္တရွှေ့ပြောင်းနေထိုင်ကြရန် နိုင်ငံတကာနေရာချထားရေးအဖွဲ့က သတိပေးခဲ့သည်။ ကျေးလက်ဒေသများတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုတိုးပွားပျံ့နှံ့လာနိုင်၍ ဖြစ်သည်။

ဟေတီနိုင်ငံတွင် ငလျင်ဒဏ်ကို လူပေါင်း ၂၂၀၀၀၀ ကျော်ခံစားခဲ့ကြရသဖြင့် ၃၁၀၀၀၀ ကျော်ရှိသော ပြည်သူများမှာ ယာယီတည်းခိုရေးစခန်း၌ နေထိုင်နေရဆဲဖြစ်သည်။

ဆင်ဟွာ။

စီးပွားရေး ပြန်လည်ကောင်းမွန်လာ၍ ဂျပန်၌အလုပ်လက်မဲ့နှုန်းကျဆင်း

တိုကျို မတ် ၃၁

ဂျပန်နိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီလတွင် ၄ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ဖေဖော်ဝါရီလတွင် ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းလာကြောင်း၊ နှစ်လတာတွင် အလုပ်လက်မဲ့နှုန်း ပထမဆုံးကျဆင်းခဲ့ခြင်းဖြစ်ကြောင်း မတ် ၃၀ ရက် တွင် တရားဝင် သတင်းထုတ်ပြန်ခဲ့သည်။

အလုပ်ရသည့်ဦးရေသည် ၂၉၀၀၀၀ အထိ တိုးမြင့်လာပြီး လစဉ်နှုန်းထားအနက် ၆၂ ဒသမ ၈၈ သန်း အလုပ်ရရှိခဲ့ပြီဖြစ်သည်ဟု ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဌာနက ကနဦး အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမျိုးသားများ၏ အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီလတွင် ၄ ဒသမ ၉ ရာခိုင်နှုန်းမှ ၄ ဒသမ ရ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပြီး အမျိုးသမီးများ အလုပ်လက်မဲ့နှုန်းမှာ ၄ ဒသမ ၄ ရာခိုင်နှုန်းမှ ၄ ဒသမ ၂ ရာခိုင်နှုန်းသို့ လျော့ကျလာခဲ့သည်ဟု အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဆင်ဟွာ။

အိုစမာဘင်လာဒင် ပါကစ္စတန်၌ အိမ်ငါးလုံးပြောင်းနေထိုင်ခဲ့သည်ဟုဆို

အစ္စလာမ္မာဘတ် မတ် ၃၁

အိုစမာဘင်လာဒင်သည် ပါကစ္စတန်နိုင်ငံအတွင်း ရှောင်ပုန်းပြေးလွှားနေစဉ် လုံခြုံစိတ်ချရသည့် နေအိမ်ငါးလုံး၌ နေထိုင်ခဲ့ကြောင်း၊ သားသမီးလေးဦး ထွန်းကားခဲ့ကြောင်း၊ ၎င်းလေးဦးအနက် နှစ်ဦးကို အစိုးရဆေးရုံ၌ တက်ရောက်မွေးဖွားခဲ့ကြောင်းကို ၎င်း၏အငယ်ဆုံးဇနီးက စစ်ဆေးသူများကို ပြောပြသည်ဟု မတ် ၃၀ အေပီသတင်းတွင် ဖော်ပြထားသည်။

ဘင်လာဒင်၏ အသက် (၃၀)အရွယ် ယီမင်နိုင်ငံသူ အငယ်ဆုံးဇနီး အာမေအာမက်အာဒဲလ်ဖာတာအယ်လ်ဆဒါကို စစ်ဆေးမေးမြန်းသည့် အစီရင်ခံစာတွင် ပါကစ္စတန်နိုင်ငံ၌ ရှောင်တိမ်းပုန်းအောင်းနေခဲ့ရသည့်ကာလအတွင်း ဘင်လာဒင်၏ ဘဝအကြောင်း အသေးစိတ်ပါဝင်သည်။

နိုင်ငံတကာက အင်အားအပြည့်အဝဖြင့် ၎င်းအားရှာဖွေခဲ့ငြားလည်း ၂၀၀၁ခုနှစ်၊ စက်တင်ဘာ ၁၁ရက် နောက်ပိုင်း ပါကစ္စတန်နိုင်ငံအတွင်း ထောက်လှမ်းသိရှိခြင်းမရှိဘဲနှင့် ဤမျှကြာမြင့်စွာ နေထိုင်နိုင်ခဲ့ခြင်းအပေါ် နောက်ဆက်တွဲမေးခွန်းများ ထုတ်စရာရှိလာခဲ့သည်။

စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ အသေးစိတ်ကို ပါကစ္စတန်သတင်းစာ 'ဒေါင်း'က ပထမဆုံးဖော်ပြခဲ့သည်။ အေပီသတင်းဌာနက သောကြာနေ့တွင် မိတ္တူတစ်စုံ ရရှိခဲ့သည်ဟုဆိုသည်။

အယ်လ်ဆဒါသည် လက်ရှိကာလတွင် ဘင်လာဒင်၏ အခြားဇနီးနှစ်ဦး၊ ကလေးအချို့နှင့်အတူ ပါကစ္စတန်နိုင်ငံအတွင်း၌ ထိန်းသိမ်းခံနေရဆဲဖြစ်သည်။ ပါကစ္စတန်နိုင်ငံ၏ စစ်တပ်မြို့တော် အဘော်တာဘက်၌ ဘင်လာဒင် နောက်ဆုံးခိုအောင်းနေထိုင်ခဲ့သည့်အိမ်တွင် အမေရိကန်အထူးတပ်ဖွဲ့က ၎င်းအား လုပ်ကြံခဲ့ပြီးနောက်တွင် ၎င်း၏ဇနီးများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယင်းစစ်ဆင်ရေးအတွင်း အမေရိကန်ရေတပ်ဆီးလ်တပ်ဖွဲ့ဝင်များက သူမ၏ ခြေထောက်ကို ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

အယ်လ်ဆာဒါ၏ ဖြေကြားချက်တွင် သူမသည် ပါကစ္စတန်နိုင်ငံသို့ ၂၀၀၀ ခုနှစ်တွင် ထွက်ပြေးလာခဲ့ကြောင်း၊ ထိုမှတစ်ဆင့် အာဖဂန်နစ္စတန်သို့ ထွက်ခွာခဲ့ကြောင်း၊ စက်တင်ဘာ ၁၁ ရက်မတိုင်မီ ဘင်လာဒင်နှင့် လက်ထပ်ခဲ့ကြောင်း စသည်တို့ ပါဝင်သည်။

စက်တင်ဘာ ၁၁ရက်နောက်ပိုင်း ဘင်လာဒင်၏မိသားစု ပျံ့နှံ့သွားခဲ့ပြီး သူမက ပါကစ္စတန်နိုင်ငံ ကရာချိသို့ ရောက်သွားခဲ့သည်။ နောက်တွင် ပီရှားဝါး၌ ဘင်လာဒင်နှင့် ပြန်ဆုံခဲ့ကာ ဆွပ်တောင်ကြားသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ၎င်းအရပ်၌ အိမ်နှစ်လုံးပြောင်း နေထိုင်ခဲ့ကြသေးသည်။ ၂၀၀၅ ခုနှစ်တွင် အဘော်တာဘက်မြို့မှနေအိမ်သို့ ပြောင်းရွှေ့မနေထိုင်မီ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခဲ့ကြသေးသည်။

အစီရင်ခံစာအရ အယ်လ်ဆာဒါသည် သူမ၏ ကလေးနှစ်ယောက်ကို အစိုးရဆေးရုံတွင် တက်ရောက်မွေးဖွားခဲ့ကြောင်း၊ နှစ်ကြိမ်လုံးတွင် နှစ်နာရီ၊ သုံးနာရီခန့်သာ ဆေးရုံပေါ် နေထိုင်ခဲ့ကြောင်း ဆေးရုံမှတ်တမ်းများအတွက် တာဝန်ရှိသူများကို အထောက်အထားအတုများသာ ပေးအပ်ခဲ့ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။

အင်တာနက်။

ဘင်လာဒင်၏ဇနီးများကို ထိန်းသိမ်းထားသည့်အိမ်ရှေ့၌ ရဲများစောင့်ကြပ်နေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေနံပိုက်လိုင်းကို ဖောက်ခွဲဖျက်ဆီးသဖြင့် မီးလောင်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယီမင်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ရေနံပိုက်လိုင်းကို စစ်သွေးကြွများ ဖောက်ခွဲဖျက်ဆီး

အေဒင်(ယီမင်) မတ် ၃၁

ယီမင်နိုင်ငံ အရှေ့တောင်ပိုင်းရှိ တည်ငြိမ်မှုမရှိဖြစ်နေသော ရှာဘွာပြည်နယ်တွင် မည်သည့်အုပ်စုဟု မသိရှိရသော စစ်သွေးကြွအုပ်စုက သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လိုင်းကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြောင်း၊ ရေနံထွက်ရှိရာ မားရစ်ဘန်ပြည်နယ်မှ သဘာဝဓာတ်ငွေ့ကို အာရေဘီယန် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဘဲလ်တပ်ဖ်သို့ ပေးပို့လျက်ရှိသော လမ်းကြောင်းမှ ပိုက်လိုင်းကို ဖောက်ခွဲခံရခြင်းဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စီးနင်းတိုက်ခိုက်

အယ်လ်ခိုင်ဒါစစ်သွေးကြွများ ခိုအောင်းနေထိုင်သည်ဟု ယူဆရသော ရှာဘွာပြည်နယ်မြို့တော် အေတက်ဂ်၏ အရှေ့ဘက်မှ ကီလိုမီတာ ၁၅၀ ကွာဝေးသော သောင်းကျန်းသူများ၏ ထိန်းချုပ်ခံ အက်ကန်မြို့ရှိ စခန်းကို အမေရိကန်က မောင်းသူမဲ့လေယာဉ်များဖြင့် စီးနင်းတိုက်ခိုက်ပြီး နာရီအနည်းငယ်အကြာတွင် အထက်ပါရေနံပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရမှုနှင့် ကြုံရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

ယင်းလုပ်ရပ်သည် အယ်လ်ခိုင်ဒါ စစ်သွေးကြွများ၏ လက်တုံ့ပြန်မှုဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောဆိုသည်။

ပြင်းထန်ကျယ်လောင်စွာပေါက်ကွဲ

ရေနံပိုက်လိုင်း ဖောက်ခွဲခံရသော နေရာအနီးတွင် ဒေသခံပြည်သူများ နေထိုင်ကြောင်း၊ ပြင်းထန်ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ မီးတောက်များကို မြင်ကြရကြောင်း၊ ပေါက်ကွဲမှုကြောင့် စစ်သွေးကြွခုနစ်ဦးထက်မနည်း သေဆုံးကာ အချို့ဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကုမ္ပဏီများက ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၃၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHINA BEIAO INTERNATIONAL CULTURAL & SPORTS EVENTS CO., LTD. မှ ဒါရိုက်တာ Mr. Lu Jian Kang နှင့် အဖွဲ့ဝင်များသည် မတ် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ Mr. Lu Jian Kang က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင် တင်ဆက်ပြသမည့် LED SYSTEM များ၊ အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံအခြေစိုက် AZNET CORPORATION CO., LTD. မှ CEO Mr. Keiichi Tatesawa သည် လာရောက်တွေ့ဆုံပြီး Mr. Tatesawa က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဂျပန်နိုင်ငံရှိ ကုမ္ပဏီများ၏ ကြော်ငြာအဖြစ် ကုန်ပစ္စည်းများ အကူအညီပေးနိုင်ရေးနှင့် ကရာတေးဒို၊ ဂျူဒို၊ အလေးမ အားကစားနည်းများအတွက် နည်းပြများ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHINA BEIAO INTERNATIONAL CULTURAL & SPORTS EVENTS CO., LTD. မှ ဒါရိုက်တာ Mr. Lu Jian Kang နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ကန့်ဘလူမြို့နယ် ကင်းတပ်လက်ဝဲမြောင်း ရေထုတ်ပြွန်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကင်းတပ်လက်ဝဲမြောင်း ရေထုတ်ပြွန်ဆောက်လုပ်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ မိုဘိုင်းဖုန်း စတင်တပ်ဆင်သည့် အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၈ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အော်တိုအိတ်ချိန်းရုံး၌ကျင်းပရာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဌေးက အမှာစကားပြောကြားပြီး မိုဘိုင်းဖုန်းတပ်ဆင်သည့် အထိမ်းအမှတ်အခမ်းအနားမှုခ်ဦးကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက GSM/UMTS မိုဘိုင်းဖုန်းများအနက် ပထမဆုံး မိုဘိုင်းဖုန်း Sim Card ကို Mini CSR ဖြင့် Sim Activation ပြုလုပ်ပေးပြီး အော်တိုအိတ်ချိန်းရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာ-ရေဦးလမ်း မန်ကျီးတောကျေးရွာ တောင်သူ ဒေါ်ဆန်း၏ ရွှေဘိုပေါ်ဆန်း ၁ ဒသမ ၃၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ ကာဘိုးဆည် ရေဝင်ရောက်မှု၊ ကင်းတပ် လက်ဝဲမြောင်း ရေထုတ်ပြွန်ဆောက်လုပ်နေမှု၊ ထန်းကုန်း-နတ်ပေး မြေသားလမ်းဖောက်လုပ်နေမှု၊ ကန့်ဘလူမြို့ နည်းပညာတက္ကသိုလ် ကျောင်းဆောင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့နယ် မြသီတာ ကျေးရွာ၌ ဒေသခံတောင်သူများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၃၁

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းတည်ထောင်သူ၊ အကြံပေးပုဂ္ဂိုလ်နှင့်နာယက စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က အမှာစကားပြောကြားပြီး **(ယာပုံ)** အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါ်နှင်းဝေက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးအကြံပေး ဒေါ်ခင်ဌေးယူက ဘဏ္ဍာရေးရှင်းတမ်းတို့ကို လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အသင်းအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အသင်းသူများက အသက်(၇၀)နှင့်အထက် အသင်းနာယက၊ အကြံပေးဆရာမကြီးများအား ဂါရဝပြုပစ္စည်းနှင့်ငွေများကို ပေးအပ်ကြပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်လှဝတီက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မှူး ယစ် ကင်း စင် ကျန်း မာ မှ

ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

မန္တလေး မတ် ၃၁

မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးသော ပထမအကြိမ် အသက် (၂၃)နှစ်နှင့်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဧပြီ ၂ ရက်မှ စတင်ကာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ကစားလိုသော အားကစားသမားများသည် မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်သူဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်တင်ပြနိုင်သူ ဖြစ်ရမည်။ ၂၀၁၂ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်း၊ အရန်အသင်းများတွင် ကစားသမားအဖြစ် မှတ်ပုံတင်သွင်းထားသူများ ပါဝင်ခွင့်မပြုပါ။ ပါဝင်လိုသောအသင်းများ ရပ်ကွက်၊ အသင်း၊ ဌာနဆိုင်ရာခွင့်ပြုထောက်ခံချက်ဖြင့် အသင်းတစ်သင်းလျှင် အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ ကစားသမား ၁၂ ဦး စုစုပေါင်း ၁၄ ဦးပါဝင်ရမည်ဖြစ်ပြီး စာရင်းကို ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀ နှင့်အတူ တင်သွင်းနိုင်ပြီး ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (၆၅၃)

ယာယီယာဉ်မှတ်ပုံတင်ခ သတ်မှတ်ကောက်ခံခြင်းအား ရပ်စဲ၍ နိုင်ငံတကာနည်းတူ အင်ဂျင်ပါဝါစီစီအလိုက် ပြောင်းလဲကောက်ခံမည်

မြန်မာနိုင်ငံသည် ၁၉၈၈ ဝန်းကျင်ကာလတွင် မော်တော်ယာဉ်များ တင်သွင်းခွင့်ကို နိုင်ငံတော်မှ ခွင့်ပြုခဲ့ရာ ဂျပန်ကားသက်သက် ဈေးကွက်တစ်ခု ဖြစ်ခဲ့သည်။ အနှစ် ၂၀ ကျော်တွင် စက်မှုဇုန်ထုတ် မော်တော်ကားခေတ်က နေရာယူခဲ့ပြီး တရုတ်ကားအရွေ့ အပြောင်း ခေတ်ကာလသို့ ရောက်ရှိလာခဲ့ပြန်သည်။

ယင်းသို့ဖြစ်ပေါ်နေချိန် ၂၀၁၁ ခုနှစ် မတ်လသို့ ရောက်ရှိသည့်အခါ မြန်မာမီနီဆလွန်းကားများ ထုတ်လုပ်ပြီးချိန်၌ တာတာကုမ္ပဏီထုတ်ကားများကို မြန်မာနိုင်ငံဈေးကွက်သို့ ကျပ်သိန်း ၅၀ ကျော်ဖြင့် ရောင်းချပေးတော့မည်ဆိုသည့် စကားများထွက်ပေါ်လာသဖြင့် မော်တော်ယာဉ်ပိုင်ရှင်များ စိုးရိမ်ခဲ့ကြသည်။ စက်တင်ဘာလသို့ ရောက်သောအခါ သက်တမ်း(၄၀)အထက် မော်တော်ယာဉ်များအား ပြည်ပနိုင်ငံများမှ ၉၅ မော်ဒယ်အထက်ကားများဖြင့် အစားထိုးလဲလှယ်ခွင့်ပြုကြောင်း ကြေညာခဲ့သည်။ ဤတွင် မော်တော်ယာဉ်ဟောင်းများအား လဲလှယ်ပေးပြီး ယာဉ်အသစ်တင်သွင်းခွင့်ပြုပြီး စီးရေ ၂၉၇၇၀၊ ခွင့်ပြုထားသည့် အရောင်းစင်တာ ၄၂ခုမှ ရောင်းချခွင့်ပြုပြီး မော်တော်ယာဉ်စီးရေ ၃၃၄စီး၊ သဘော်သားများ၊ သံရုံးဝန်ထမ်းများ၊ ပြည်ပတွင် သွားရောက်တာဝန်ထမ်းဆောင်သူများ၊ ပို့ကုန်/သွင်းကုန် ကုမ္ပဏီများသို့ ရောင်းချခွင့်ပြုပြီး ယာဉ်စီးရေ ၁၇၄၆ စီး ခွင့်ပြုထားပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ပြောကြားခဲ့သည်။

မော်တော်ယာဉ်များ တင်သွင်းခွင့်၊ ရောင်းချခွင့်ပြုခဲ့ပြီးနောက် နောက်ဆက်တွဲဖြစ်ရပ်များမှာ တင်သွင်းလာခဲ့သည့် ယာဉ်များ၏ ယာယီမှတ်ပုံတင်ခကို လိုင်စင်မဲ့ တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ်ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအား မော်တော်ယာဉ်တင်သွင်းသူ၊ ရောင်းဝယ်သူ လောကအတွင်း ပြောဆိုဝေဖန်သံများကို ကြားသိလာခဲ့ရသည်။

ယင်းသို့ ပြောဆိုဝေဖန်မှုများသည် မီဒီယာလောက၊ ပြည်တွင်းထုတ် ဂျာနယ်များတွင်သာမက ပြည်သူ့လွှတ်တော်အတွင်းထိ ဆွေးနွေးမှုများဖြစ်လာခဲ့သည်။ ပြီးခဲ့သည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက ကညန အပါအဝင် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအား ယာယီမှတ်ပုံတင်ခကို လိုင်စင်မဲ့ တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ် ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအား ရပ်ဆိုင်းကာ ဥပဒေနှင့်အညီ ပြန်လည်သုံးသပ် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ဦးမောင်မောင်သိမ်း တင်သွင်းခဲ့သည့် အဆိုနှင့်ပတ်သက်၍ ၁၈ ရက်မြောက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည်။ ယင်းအဆိုကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက “ယာယီမှတ်ပုံတင်ခ ကောက်ခံနေမှုနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း၊ တရားဝင်ကောက်ခံရေးအတွက် ဥပဒေနှင့်အညီဖြစ်စေရန်ဆောင်ရွက်ရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသည် မည်သည့်ယာဉ်ကိုမဆို မှတ်ပုံတင် စတင်ဆောင်ရွက်ပါက တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၄ မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ မော်တော်ယာဉ်နည်းဥပဒေများနှင့်အညီ အများပြည်သူအတွက်ရော နိုင်ငံတော်အတွက်ပါ အမှန်တကယ်အကျိုးရှိစေနိုင်မည့်အခြေအနေကို ချင့်ချိန်သုံးသပ်၍ ယာဉ်အမျိုးအစားအလိုက် သင့်တော်သော ရာခိုင်နှုန်းကိုသာ သတ်မှတ်ကောက်ခံခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင်လည်း ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ အခွန်အခများကောက်ခံကျင့်သုံးလျက်ရှိပါကြောင်း၊ ကညနသည် ရရှိလာသည့် အခွန်ငွေများအားလုံးကို နိုင်ငံတော်ဘဏ္ဍာသို့ စနစ်တကျ ပေးသွင်းလျက်ရှိပါကြောင်း၊ အခွန်ငွေကောက်ခံရရှိမှုသည် ဦးစီးဌာနအကျိုးအတွက် မဟုတ်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးကို ရှေးရှု၍ နိုင်ငံ့ဘဏ္ဍာရရှိရေးကိုသာ ဦးတည်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ယခင်က ကားတန်ဖိုးထက် သုံး၊ လေးဆခန့်မြင့်မားသော ဈေးနှုန်းများကို လျှော့ချနိုင်ရန် စီမံပြီး အခွန်ထမ်းဆောင်နိုင်မည့် မော်တော်ယာဉ်ဘက်မှသာ တစ်နည်းတစ်လမ်းဖြင့် ရယူ၍ နိုင်ငံတော်ဘဏ္ဍာငွေကို ပေးသွင်းခြင်းသာဖြစ်ပါကြောင်း၊ အဆိုတွင်ပါရှိသည့် “ယာယီမှတ်ပုံတင်ခ” သည် သုံးလတာကာလအတွက် ဒဏ်ငွေအဖြစ် ကောက်ခံခြင်းဟူ၍ သဘောမျိုးဖြစ်ပါက “ယာယီမှတ်ပုံတင်ခ” ဟု သတ်မှတ်ကောက်ခံခြင်းအား ရပ်စဲမည်ဖြစ်ပါကြောင်း၊ ၎င်းအစား ၁၉၆၄ မော်တော်ယာဉ် ဥပဒေပုဒ်မ(၄) အရ လည်းကောင်း၊ ၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေပုဒ်မ(၄) အရလည်းကောင်း ဗဟိုမှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင်ရမည့် ယာဉ်များ မှတ်ပုံတင်ရာ၌ အကောက်ခွန်ဦးစီးဌာနမှ တွက်ချက်သည့် CIF တန်ဖိုးအပေါ်မှ FOB နှုန်းအား တွက်ချက်ရယူပြီး အင်ဂျင်ပါဝါစီစီအလိုက် ခွဲခြား၍ နိုင်ငံတကာနည်းတူ ကောက်ခံသွားမည်ဖြစ်ကြောင်း” ဆွေးနွေးသွားခဲ့သည်။

အခွန်အရပ်ရပ် ကောက်ခံမှုတွင် အများသုံးကားဖြစ်သည့် ထရပ်ကားနှင့် ဘတ်(စ်)ကားများကို ငါးရာခိုင်နှုန်းဖြင့် အခွန်ကောက်ခံသွားမည်ဖြစ်ပြီး အိမ်သုံးကားများကိုမူ ၂၅ ရာခိုင်နှုန်းဖြင့် ဆက်လက် ကောက်ခံသွားမည်ဖြစ်၍ ပြုပြင်ပြောင်းလဲမှုများ မရှိပါကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်က ဆက်လက်ဆွေးနွေးခဲ့သည်။

(ကိုဇော်)

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများ

စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်စေရန်အတွက် အထောက်အကူပြု ဆည်တမံများစွာကို နိုင်ငံတော်က ဒေသအနှံ့ တည်ဆောက်ပေးလျက်ရှိရာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဝါရှောင်ဆည်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

ကချင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသော ကာဘိုးဆည်ကို တွေ့ရစဉ်။ **(ယာပုံ)**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် တည်ဆောက်ထားသော ဘုရားကုန်းရေလှောင်တမံကလည်း နွေသီးနှံအတွက် စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသည်။ **(ဝဲပုံ)**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးပြဲကျေးရွာအနီးရှိ မိုးပြဲဆည်မှ ရေအားလျှပ်စစ်ရရှိရေးကို ဆောင်ရွက်ပေးနိုင်သည့်အပြင် စိုက်ပျိုးရေအတွက်လည်း အထောက်အကူပြုသည်။ **(အောက်ပုံ)**

သတင်းမှတ်စု - မောင်ငြိမ်းအေး

မိုးပွင့်အဆင့်(၃) စီမံချက်ဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် မတ် ၃၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မတ် ၂၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မကွေး၊ မင်းဘူး၊ စကု၊ စလင်းနှင့် ပွင့်ဖြူမြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံပြီး မိုးပွင့်အဆင့်(၂)စီမံချက်နှင့် ပတ်သက်၍ ပြည်သူများသိရှိနားလည်ကြကာ လုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များအတွက် အလျှုငွေလျှုဒါန်းမှုများ ရှိနေကြပြီဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ နားလည်သဘောပေါက်အောင်ရှင်းလင်းချပြ စည်းရုံးဆောင်ရွက်ကြရန် လိုကြောင်း၊ ဝန်ကြီးဌာနက ချမှတ်ထားသည့် အသွင်သဏ္ဌာန်နှင့်အနှစ်သာရ ပြောင်းလဲရေး၊ အသွင်သစ်ဖြင့် ဆက်ဆံရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်းများကျွမ်းကျင်၍ IT ပညာများ နားလည်တတ်ကျွမ်းရေးတို့အတွက် အစဉ်ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ မကြာမီ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအပြင် ဥပဒေအရဖြစ်သော နိုင်ငံသားများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ လုပ်ငန်းများ ထိရောက်အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက် အမက(၂၇)ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းဆောင်သစ်ဖွင့်ပွဲများ တက်ရောက်

နေပြည်တော် မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၌ ပြုပြင်မွမ်းမံပြီးသော ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရပ်ကွက်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုးမြင့်၊လက်ထောက်တိုင်းပညာရေးမှူး (စီမံ)ဦးရဲမြင့်နှင့် ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမှတ်(၇)ရပ်ကွက်ရှိ အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၁၇၇)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲတို့သို့ တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲ ကမ္ပည်း မော်ကွန်းကျောက်စာများကို အမွှေးနံ့သာရည် ပက်ဖျန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၃၁

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် နိုင်ငံတော်က ဘွဲ့တံဆိပ်တော်များ ဂုဏ်ပြုချီးမြှင့်ခံရသည့် ခရမ်းဇာတိဖွား ဆရာတော်ကြီးများ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၇ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါးတို့အား ပူဇော်ပွဲပြုလုပ်ခြင်း၊ အသင်းနှစ်ပတ်လည် အစည်းအဝေးပြုလုပ်ခြင်း၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်လူပုဂ္ဂိုလ်များကို အသင်းဦးဆောင်နာယက ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း **(ယာပုံ)**၊ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အမှုဆောင်များက ဆုများပေးအပ်ကြသည်။

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)သည် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၅၆၂ ဦးတို့အား ပညာရည်ချွန်ဆုများပေးအပ်ခဲ့ပြီး ပညာသင်ထောက်ပံ့ကြေးအဖြစ် ကျောင်းသား ကျောင်းသူ ၂၈ ဦးတို့အား ထောက်ပံ့ပေးကြောင်းသိရသည်။ (ခရမ်းစိုးမြင့်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့ စတင်ကျင်းပ

နေပြည်တော် မတ် ၃၁

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ကို မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၄၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အဆို(၁)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၄-၂၀၁၂(တနင်္ဂနွေနေ့)

၇း၀၀ ပရိတ်တရားတော်
၁၁း၃၅ **နိုင်ငံခြားဇာတ်လမ်းတွဲ**
"ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၆၂) (ဇာတ်သိမ်းပိုင်း)
၁၂း၃၀ "ဖန်တီးမှုရဲ့ လျှို့ဝှက်ချက်"
၁း၀၀ မြန်မာရုပ်ရှင် "ကောလိပ်ဂျင်"
(ကောလိပ်ဂျင်နေဝင်း၊ မြင့်မြင့်ခင်)
(ဒါရိုက်တာ-ဦးချင်းစိန်)
၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
-စတုတ္ထနှစ် (ဥပဒေပညာအထူးပြု)
(ဥပဒေပညာ)
၆း၄၀ **နိုင်ငံခြားဇာတ်လမ်းတွဲ**
"အချစ်ချိုချိုကြင်နာပို"(အပိုင်း-၂၆)
၈း၀၀ ပြည်တွင်းသတင်း
-အနာဂတ်မြန်မာပြည်
(ရိန်မိုး၊ ကိုရဲ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ဆုမွန်)
-ကာတွန်းအစီအစဉ်
"တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)
(အပိုင်း-၁၀၄)
-ရင်ခုန်လက်ကမ်း တေးသစ်လမ်း

ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များသို့ သံတမန်များ၊ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များ သွားရောက်လေ့လာကြမည်

ရန်ကုန် မတ် ၃၁

၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များသို့ သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များအား လာရောက်လေ့လာ သတင်းယူခွင့် ပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများအား မတ် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ မဲဆန္ဒနယ်များ အလိုက် အဆင်ပြေချောမွေ့စွာ သွားရောက်လေ့လာနိုင်ရေးနှင့် သိသင့်သိထိုက်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး နယ်မြေအလိုက် လိုက်ပါမည့် ဆက်ဆံရေးအရာရှိများလည်း စီစဉ်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်များနှင့် နိုင်ငံတကာမှ လေ့လာသူ ၁၅၆ ဦးတို့အား ၎င်းတို့ ဆန္ဒအလျောက် သွားရောက်လိုသည့် နေရာများသို့ သွားရောက်လေ့လာနိုင်ရေးအတွက် စီစဉ်ပေးခဲ့သည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း နိုင်ငံတကာမှ လာရောက်သတင်းယူကြသည့် သတင်းဌာနအသီးသီးမှ သတင်းထောက်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုရေးကောင်တာ ဖွင့်လှစ်၍ စနစ်တကျ မှတ်ပုံတင်စိစစ်ကာ နယ်မြေအသီးသီးသို့ သွားရောက်လေ့လာကြည့်ရှုမှု အဆင်ပြေစေရေးအတွက် သတင်းထောက်ကတ်များ ထုတ်ပေးလျက်ရှိရာ မတ် ၃၁ ရက်အထိ ရွေးကောက်ပွဲကို သတင်းရယူရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ပြည်ပသတင်းဌာနများမှ သတင်းထောက်ဦးရေ စုစုပေါင်း ၁၃၇ ဦး ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်း နိုင်ငံခြားသတင်းထောက်များအသင်းမှ ၂၇ ဦးနှင့် ပြည်တွင်းဂျာနယ်များမှ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ သတင်းထောက်များ စုစုပေါင်း ၄၂၇ ဦးတို့အား လိုအပ်သည့် သတင်းထောက်ကတ်များ ထုတ်ပေးပြီး သတင်းများ လွယ်ကူချောမွေ့စွာရယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ဖြစ်သည်။ (သတင်းစဉ်)

ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နယ်မြေအသီးသီးသို့ သတင်းရယူမည့်သတင်းဌာနများမှ သတင်းထောက်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုရေးကောင်တာ ဖွင့်လှစ်၍ သတင်းထောက်ကတ်များ ထုတ်ပေးစဉ်။ (သတင်းစဉ်)

ရောဝတီတံတား(ရတနာသိယ်)အတွက် တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် စာချုပ်ချုပ်ဆိုပွဲ ကျင်းပ

နေပြည်တော် မတ် ၃၁

ဧရာဝတီတံတား (ရတနာသိယ်) အတွက် တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် CHINA CAMC ENGINEERING CO.,LTD. တို့ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယမန်နေ့ ည ၇ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် CHINA CAMC ENGINEERING CO.,LTD. General Manager Mr. Song Zhu တို့သည် စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် CHINA CAMC ENGINEERING CO.,LTD. General Manager က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား (ရတနာသိယ်)အတွက် တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် CHINA CAMC ENGINEERING CO.,LTD. တို့ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

(၃၁-၃-၂၀၁၂)

ချောက်
၄၂ ဒီဂရီစင်တီဂရိတ်
မြင်းခြံ
၄၁ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ဒုတိယပိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ၌ အစည်းအဝေးများတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၃၁

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ မတ် ၂၆ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် The 9th ASEAN Military Intelligence Informal Meeting (the 9th AMIIM)အစည်းအဝေးနှင့် The 9th ASEAN Military Chief of Defense Forces Informal Meeting (the 9th ACDFIM) အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ ၃ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ဒလတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံစစ်သံမှူး Col. SENG EAR နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်တွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးချုပ်စန်းမြင့်နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်မျိုးတို့ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

◆**ကျောဖုံးမှ**

"ဒီဇာတ်ကားရိုက်ကူးခဲ့တဲ့ကာလတစ်လျှောက်လုံး ကျွန်တော်တို့အလုပ်လုပ်ခဲ့ကြတဲ့ဒီနေရာကို ပရိသတ်တွေမြင်တွေ့ကြမယ်ဆိုရင် တအံ့တသြဖြစ်ကြရမှာပါ" ဟု ဟယ်ရီပေါ်တာအဖြစ် သရုပ်ဆောင်သူ ဒင်နီယယ်ရက်ဒ်ကလစ်ဖ်က ပြောကြားသည်။

ပေါ်တာ၏ အခင်ဆုံးသူငယ်ချင်း ရွန်ဝီစလေအဖြစ် သရုပ်ဆောင်သူ ရူးပါဒ်ဂရင့်ကလည်း "ဆက်တင်တွေက အနုစိတ်ခြယ်မှုန်းဆောက်လုပ်ထားတဲ့ သေးသေးလေးတွေပါ၊ ဒါပေမယ့် ရုပ်ရှင်ထဲမှာတော့ ဘယ်သူမှ သတိထားမိကြမှာ မဟုတ်ဘူး" ဟု ဆိုသည်။

အဆိုပါ ခရီးစဉ်အတွင်း စတူဒီယိုဝန်ထမ်းများက စတူဒီယို၏ ရုပ်ရှင်ပညာလျှို့ဝှက်ချက်များကို ရှင်းလင်းပြသကြမည်ဖြစ်သည့်အပြင် ပရိသတ်များကိုယ်တိုင် မှော်ပညာဖန်တီးမှုများကိုလည်း ပြုလုပ်စမ်းသပ်နိုင်ကြမည်ဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ယခင်နှစ်များထက် ထူးခြားစွာ တင်ဆက်မည်

ရန်ကုန် မတ် ၃၁

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာ ရေကစားနိုင်ရန် စီစဉ်ထားသည်။ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်ကို ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ မဏ္ဍပ်အပြင်အဆင်များအား ပုဂံခေတ်အနုပညာလက်ရာများဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်အောင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တို့က အင်ဂျင်နီယာများ ပူးပေါင်း၍ ခမ်းနားထည်ဝါစွာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်အား ယခင်နှစ်များက အလျား ၈၄ ပေနှင့် အကျယ် ၃၂ပေ တည်ဆောက်ခဲ့ကာ ယခုနှစ်တွင် အလျား ၉၄ပေ နှင့် အကျယ် ၄၃ပေ အထိ တိုးချဲ့တည်ဆောက်ထားပြီး မဏ္ဍပ်နဖူးစည်းဒီဇိုင်းများကို ပုဂံခေတ်အနုပညာလက်ရာဖြစ်သည့် ရာမလက်ညှိုး အနုပညာလက်ရာ၊ လောကနတ်ရုပ်၊ ပန်းကနုတ် စသည့်အနုပညာလက်ရာ အမျိုးအစားပေါင်း ၆၀ တို့ဖြင့် လှပထည်ဝါစွာ အလှဆင်ထားကြောင်း၊ မဏ္ဍပ်၏နောက်ခံကားကိုလည်း သင်္ကြန်၏ အထိမ်းအမှတ်ဖြစ်သည့် ငွေဖလားနှင့် ပိတောက်ပန်းခက်များဖြင့် အလှဆင်သွားမည်ဖြစ်ကြောင်း မဏ္ဍပ်တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးစောနိုင်က ရှင်းပြသည်။

သင်္ကြန်ကာလများအတွင်း ရန်ကုန်မြို့တော်ဝန် ဖျော်ဖြေရေးမဏ္ဍပ်၌ နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် မြို့တော်နေပြည်သူများအား တိုင်းရင်းသားရိုးရာအကများ၊ ယိမ်းအဖွဲ့ဝင်များက အကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ညပိုင်းတွင် အငြိမ့်၊ မြန်မာသံစဉ်တေးများနှင့် ခေတ်ပေါ်စတီရီယို တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ ညပိုင်းတွင် လာရောက်ကြည့်ရှုသောပြည်သူများ စိတ်ဝင်တစား ကြည့်ရှုခံစားနိုင်ရန် မဏ္ဍပ်နဖူးစည်းနှင့် နောက်ခံတို့တွင် LEDလျှပ်စစ်မီးများ၊ ရောင်စုံဆလိုက်မီးများဖြင့် အလှဆင်ထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

၁၃၇၃ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် မဏ္ဍပ်ကို သင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် အခမ်းအနားဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရုပ်ရှင်၊ ဂီတနှင့်သဘင် အနုပညာရှင်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော ယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာယဉ်ကျေးမှုဝတ်စုံများ ဝတ်ဆင်ကာ တူညီကကြိုးကကွက်များဖြင့် ပါဝင်ဆင်နွှဲပြီး ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(ကျော်စိုး)

ယနေ့ ရန်ကုန်မြင်ကွင်းစုံ

၁၃၇၃ ခုနှစ် နှစ်သစ်ကူးတန်ခူးလပွဲတော် ကျင်းပနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန်မဏ္ဍပ်အား စတင်တည်ဆောက်နေသည်ကို တွေ့ရစဉ်။ သတင်းဓာတ်ပုံ-ဖိုးသကြား

မန္တလေးတိုင်းဒေသကြီးအတွင်း GSM-UMTS စတင်ဖွင့်လှစ်တပ်ဆင်ခြင်းအခမ်းအနား ကျင်းပ

ကျောက်ဆည် မတ် ၃၁

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော GSM-UMTS တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ မန္တလေးတိုင်းဒေသကြီးအတွင်း GSM-UMTS စတင်ဖွင့်လှစ် တပ်ဆင်ခြင်း အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အော်တိုအိတ်ချိန်း၌ မတ် ၂၈ ရက်နံနက် ၈ နာရီတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်၊ ကျောက်ဆည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးမန်နေဂျာ ဦးကျော်စွာသွင်၊ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် စီမံကိန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသော Asia Mega Link Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်နှင့် Asia Mega Link Co., Ltd. မှ ဒါရိုက်တာ ဒေါ်အေးအေးအောင်တို့က GSM-UMTS စတင်တပ်ဆင်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ကြေးမုံ)

သက်တမ်းလွန် ဆေးဝါး၊ စားသောက်ကုန်၊ အလှကုန်မျိုးစုံ ကျပ်သိန်း ၅၆၀ကျော်ဖိုး မီးရှို့ဖျက်ဆီး

မန္တလေး မတ် ၃၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်အား ကျန်းမာမှုနှင့်ပြည့်ဝသော မြို့တော်ဖြစ်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA)နှင့်ပူးပေါင်း၍ မြို့တော်အတွင်း မှတ်ပုံတင်မဲ့ဆေးဝါးများ ရောင်းချမှုမရှိရေး၊ အာနိသင်မပြည့်ဝသောဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ဈေးကွက်တွင်း ရောင်းချမှုမရှိစေရေး၊ စူပါမားကက်ကြီးများနှင့် ဈေးအသီးသီးတွင် သက်တမ်းလွန်စားသောက်ကုန်ရောင်းချမှု မရှိစေရေးအတွက် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး ဈေးကွက်အတွင်း ရောက်ရှိနေသော သက်တမ်းလွန်ဆေးဝါးနှင့် စားသောက်ကုန်များကိုလည်း သိမ်းဆည်း၍ ဖျက်ဆီးမှုများလည်း ဆောင်ရွက်ခဲ့သည်။

မတ် ၁၀ရက် နံနက် ၉နာရီက ပုသိမ်ကြီးမြို့နယ် ကြာနီကန်သုသာန်တွင် ဈေးကွက်အတွင်းမှရရှိသည့် ဆေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အလှကုန်မျိုးစုံ၊ ဟင်းခတ်မှုန့်၊ နိုင်ငံခြားဘီစကစ်နှင့် မုန့်မျိုးစုံ၊ အချိုရည်ဘူးမျိုးစုံ၊ မူးယစ်ထုံထိုင်းအာနိသင်ရှိ Pseadoephedzine ဆေးပုလင်းများအပါအဝင် တန်ဖိုးငွေကျပ် ၅၆၀၆၅၄၇၀ ကို မန္တလေးမြို့တော် စည်ပင်သာယာ သန့်ရှင်းရေးဌာနခွဲဝန်ထမ်းများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများပူးပေါင်း၍ မီးရှို့ဖျက်ဆီးရာ မန္တလေးမြို့တော်ဝန် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

အိမ်ကွင်းတွင် ကမ္ဘောဇ နိုင်ပွဲပျောက်ဆုံးပြီး ဇေယျာရွှေမြေ ဂိုးပြတ်နိုင်

တောင်ကြီး မတ် ၃၁

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁၂)တတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(KBZကွင်း)
ကမ္ဘောဇ-နှစ်ဂိုး
(စိုးမင်းဦး)

မနောမြေ-နှစ်ဂိုး
(ညီညီမင်းနှင့်စံမျိုးဦး)

ကမ္ဘောဇတို့ အိမ်ကွင်းတွင် နိုင်ပွဲပျောက်ဆုံးပြီး သရေတစ်မှတ်သာ ရရှိခဲ့သောကြောင့် ရာသီဝက်ချန်ပီယံဆုအတွက် ဖိအားဝင်သွားရသည်။ ကမ္ဘောဇအသင်းမှာ လူစုံထုတ်ပြီး ကစားခဲ့သော်လည်း မနောမြေအသင်းက အဝေးကွင်းတွင် ခြေစွမ်းပြကစားသွားရာ ရှုံးပွဲမကြုံတွေ့ရန်ပင် မနည်းကစားခဲ့ရသည်။ မနောမြေအသင်းမှာ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး သုံးမိနစ်တွင် ညီညီမင်း၊ ၇၆ မိနစ်တွင် စံမျိုးဦးတို့က သွင်းယူခဲ့သည်။ ကမ္ဘောဇအတွက် ချေပဂိုးများကို ခြောက်မိနစ်နှင့် ၉၃ မိနစ်တို့တွင် တိုက်စစ်မှူး စိုးမင်းဦးက သွင်းယူခဲ့သည်။

ကမ္ဘောဇမှ သိန်းသန်းဝင်း၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို မနောမြေနောက်ခံလူများ ဖျက်ထုတ်နေစဉ်။

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

(မုံရွာကွင်း)
ဇေယျာရွှေမြေ-သုံးဂိုး
(ဆာဆာ)
ရက္ခပူရယူနိုက်တက်-တစ်ဂိုး
(နေဝင်း)

၃၂ မိနစ်တွင် နေဝင်းက ရက္ခပူရအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း အနိုင်ကို မထိန်းနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ၃၇ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့် ဆာဆာက ချေပဂိုးပြန်သွင်းခဲ့ပြီး ဇေယျာရွှေမြေအတွက် အနိုင်ဂိုးများကို မိနစ် ၅၀ နှင့် ၇၅ မိနစ်တွင် ဆာဆာကပင် သွင်းယူခဲ့သည်။

ယနေ့ပွဲ
(NPTကွင်း)
နေပြည်တော်-Southern
(၂-၄-၂၀၁၂)
(အောင်ဆန်းကွင်း)
ဟံသာဝတီ-ရတနာပုံ

နွေရာသီ ရေကူးနှင့်ဝူရှူး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၂ ခုနှစ် နွေရာသီရေကူးသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးကန် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းအောင်လက်မှတ်နှင့် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

အလားတူ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်သင်တန်းခန်းမ၌ နံနက် ၈ နာရီတွင် နွေရာသီဝူရှူးသင်တန်းဆင်းပွဲ ကျင်းပခဲ့ကြောင်းနှင့် သင်တန်းသားသင်တန်းသူများနှင့် မျိုးဆက်သစ် အားကစားသမားများက ဝူရှူးစွမ်းရည် သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စိန်လှံ) သင်တန်းဆင်းလက်မှတ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

သကြၤန်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

သင်္ကြန်အကြို တတိယအကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဘုရင့်နောင်ပွဲရုံမိသားစု B.G.G အသင်းက ကြီးမှူးကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအား Royal Mingalardon Golf Class ၌ ဧပြီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ရာ အသင်းဝင်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ပြိုင်ပွဲဝင်ကြပါရန်နှင့် ပြိုင်ပွဲဝင်လိုသည့် အသင်းဝင်များသည် ဧပြီ ၄ ရက်ထက် နောက်မကျဘဲ ဥက္ကဋ္ဌ ဦးခင်ဟန် ဖုန်း-၀၉-၅၁၁၄၇၀၀၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၁-၇၀၅၆၂၃၊ တွဲဖက်အတွင်းရေးမှူး ဦးနေလင်း ဖုန်း-၀၉-၇၃၀၁၇၄၆၆ တို့ထံ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၁) အနိုင်/အရှုံးရလဒ်များ

၃၁-၃-၂၀၁၂

ဗီလာ	၂	-	၄	ချဲလ်ဆီး
အဲဗာတန်	၂	-	၀	ဝက်စ်ဘရွန်း
ဖူလ်ဟမ်	၂	-	၁	နော့ဝှစ်ချ်
မန်စီးတီး	၃	-	၃	ဆန်းဒါးလန်း
ကျူပီအာ	၂	-	၁	အာဆင်နယ်
ဝီဂန်	၂	-	၀	စတုတ်စီးတီး
ဝုလ်ဗာဟမ်တန်	၂	-	၃	ဘော်လ်တန်

မလေးရှားနိုင်ငံ၌ ကျင်းပသောသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် ဆရာဝန်ကြီးများ ထွက်ခွာ

ရန်ကုန် မတ် ၃၁

မီးယပ်ရောဂါဆိုင်ရာ မှန်ပြောင်းဖြင့်ခွဲစိတ်ကုသပညာ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် မလေးရှားနိုင်ငံ သားဖွားနှင့် မီးယပ်ဆရာဝန်များအသင်း ဥက္ကဋ္ဌ Dr. S. Selva ဦးဆောင်မှုဖြင့် မတ် ၃၀ ရက်တွင် မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ မာကိုတာအဆင့်မြင့်ဆေးရုံကြီး၌ ကျင်းပသော မှန်ပြောင်းခွဲစိတ်ကုပညာသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ရန် မြန်မာနိုင်ငံသားဖွားနှင့် မီးယပ်ဆရာဝန်များအသင်းမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်သင်းသင်းအောင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ခင်မေသင်း၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ကျင်ကျင်စန်း၊ လက်ထောက်ကထိက ဒေါက်တာဒေါ်ချယ်ရီခိုင်၊ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ဖြူဖြူ၊ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်အိရွှေစင်နှင့် လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်မြပွင့်ဖြူတို့သည် မတ် ၂၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်းသိရသည်။**(ဝဲပုံ)**

(ကြေးမုံ)

တံတားပျက်စီးနေမှု ပြုပြင်ဆောင်ရွက်သင့်

မော်လူး မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ၌ ကျေးရွာချင်းဆက် မန္တလေး-မြစ်ကြီးနား ဗျူဟာလမ်းမကြီးပေါ်ရှိ မိုင်တိုင် (၁၆၂/၁၀)တွင် မော်လူးနှင့်စည်းမော်ရွာသို့ ဆက်သွယ်ဆောက်လုပ်ထားသော အရှည်ပေ ၉၀၊ အကျယ် ၁၅ပေ၊ အမြင့်ပေ ၂၀ ရှိသည့် ချောင်းကူးတံတားကြီး၏ အလယ်တွင် အခင်းပြားများ မရှိခြင်းနှင့် တိုင်၏အောက်ခြေပြတ်လျက်ရှိရာ နေ့ညမပြတ် ဖြတ်သန်းသွားလာနေသော ကား၊ ဆိုင်ကယ်၊ လူ၊ တိရစ္ဆာန်များ အန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

မတ် ၂၆ ရက်နံနက် ၇ နာရီက မြစ်ကြီးနားဘက်မှ မောင်းနှင်လာသော ကုမ္ပဏီတစ်ခုပိုင် မြေသယ်ယာဉ်သည် အဆိုပါတံတားကို ဖြတ်သန်းစဉ် တံတားအလယ်၌ ကားဘီးကျွံကျပြီး ညာဘက်ခြမ်းသို့ တိမ်းစောင်းခဲ့သည်။**(ယာပုံ)** အထက်ပါဖြစ်စဉ်ကို ဘက်ဟိုးကားတစ်စီးဖြင့် ၁၁ နာရီ ၂၅ မိနစ်တွင် ရှင်းလင်းဆောင်ရွက်ပြီးကြောင်း သိရသည်။

အထက်ပါ ပျက်စီးနေသောတံတားအား ယခုတိုင်ပြုပြင်ခြင်းမရှိသေး၍ ကားနှင့် ပြည်သူအများ ၂၄ နာရီမပြတ် ဖြတ်သန်းသွားနေကြရသည့်အတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်သင့်ကြောင်း ပြည်သူအများ ပြောကြားကြောင်းကို သိရသည်။(ခင်မောင်ဆွေ-မော်လူး)

ယနေ့ ဖတ်စရာ ● ဦးရှိန် (AGD ဘဏ်ဥပဒေအကြံပေး)

မီးဘေးအန္တရာယ်လုံးဝမဖြစ်ရအောင် ပြည်သူတိုင်းမှာ တာဝန်ကိုယ်စီရှိကြပါသည်

ယခုအချိန်အခါသမယမှာ ပူပြင်းခြောက်သွေ့ပြီး လေပြင်းများ ကျရောက်သည့်အချိန်ဖြစ်ပါသည်။ ယခုလိုရာသီကိုရောက်တိုင်း ရပ်ကွက်တိုင်းတွင် ညအချိန်များ၌ သက်ဆိုင်ရာ ပုဂ္ဂိုလ်များမှ ‘မီးဘေးရှောင်-မလောင်ခင်တား’ မီးအန္တရာယ်မဖြစ်ရလေအောင် သတိပေးသည့် သီချင်းများကို အော်လံဖြင့်ဖွင့်ကာ နေရာအနှံ့ မီးဘေးအန္တရာယ် သတိပေးနှိုးဆော်မှုများ လိုက်လံဆောင်ရွက်လျက် ရှိကြပါသည်။ သို့သော်လည်း ပြည်သူတချို့မှာ သတိပေးနှိုးဆော်မှုများကို အလေးမထားဘဲ ပေါ့လျော့စွာ နေထိုင်မှုများကြောင့် မကြာခဏ မီးလောင်မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ မကြာသေးမီကာလကပင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းရှိ အထက်တန်းကျောင်း မီးလောင်မှုနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပစ္စည်းထားသောဂိုဒေါင်များ မီးလောင်မှုများ ဖြစ်ပေါ်ခဲ့ကာ မီးလောင်မှုသာမကဘဲ ၎င်း၏နောက်ဆက်တွဲ ပေါက်ကွဲမှုများလည်း ပါဝင်လာ၍ မီးသတ်ရဲဘော်တချို့နှင့် ပြည်သူတချို့ပါ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မီးလောင်မှုဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းမှာ လူတစ်ဦးတစ်ယောက်၏ ပေါ့လျော့စွာ ပြုမူဆောင်ရွက်မှုများကြောင့်သာ ဖြစ်ခဲ့ရသည်ကို တွေ့ရှိနေရပါသည်။

အကယ်၍သာ မိမိ၏ပေါ့လျော့မှုကြောင့် မီးလောင်မှုဖြစ်ပွားရပါက မိမိ၏ ဥစ္စာနေစည်းစိမ်များ ပျက်စီးဆုံးရှုံးရမည့်အပြင် တရားဥပဒေအရ ထပ်မံ၍ တရားစွဲဆိုခံရနိုင်ပါသည်။ တရားစွဲဆိုခံရပါကလည်း ပြစ်ဒဏ်ပေးခြင်း ခံရနိုင်ဖွယ်လည်း ရှိပါသည်။

မိမိ၏ ပေါ့လျော့မှုကြောင့် မီးလောင်မှုဖြစ်ပွားပါက ရာဇသတ်ကြီးအက်ဥပဒေ (ပြစ်မှုဆိုင်ရာဥပဒေ)ပုဒ်မ ၂၈၅ အရ တရားစွဲဆိုခံရနိုင်ပြီး ယင်းဥပဒေ၏မူရင်း ဥပဒေကို တင်ပြရမည်ဆိုလျှင်-

ဥပဒေပုဒ်မ(၂၈၅) မီးနှင့်သို့တည်းမဟုတ် မီးလောင်လွယ်သောအရာဝတ္ထုနှင့် စပ်လျဉ်း၍ ပေါ့လျော့ခြင်း။ ။

မည်သူမဆို လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးနာကျင်စေတန်လောက်အောင် သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော် လည်းကောင်း၊ မီးဖြင့် သို့တည်းမဟုတ် မီးလောင်လွယ်သော အရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခုကို အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေပြုလျှင် သို့တည်းမဟုတ် မီးကြောင့်သော်လည်းကောင်း၊ မီးလောင်လွယ်သော အရာဝတ္ထုကြောင့်သော်လည်းကောင်း၊ လူ့အသက်အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် လက်ရှိမီးကို သို့တည်းမဟုတ် မီးလောင်လွယ်သော အရာဝတ္ထုကို နေရာတကျ မထားဘဲ သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပျက်ကွက်လျှင်ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

ပြည်သူတိုင်းသည် မီးလောင်မှုမဖြစ်ရလေအောင် သတိတရားထားပြီး ဂရုစိုက်နေထိုင်ရန် တာဝန်ကိုယ်စီ ရှိကြပါသည်။

မီးလောင်မှုကို တွေ့ရှိရပါကလည်း သက်ဆိုင်ရာသို့ အချိန်မီ သတင်းပေးပို့ရန် လိုအပ်ပြီး ယင်းမီးလောင်မှုအား မိမိကိုယ်တိုင်ကလည်း တစ်တပ်တစ်အား ပါဝင်ကူညီပေးရန် တာဝန်ရှိကြပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားပါက ဖုန်း-၂၅၂၀၁၁ နှင့် ၂၅၂၀၂၂ သို့ အကြောင်းကြားနိုင်သလို ၁၉၁ သို့လည်း လွယ်လင့်တကူ အကြောင်းကြားနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ကွပ်ကဲမှူးမှ သိသာနိုင်ရန် ကြေညာထားပါသည်။

လူတိုင်းလူတိုင်းမှ မိမိတို့ဒေသရှိ အရေးပေါ်မီးသတ်ဌာနများ၏ ဖုန်းနံပါတ်များအား မှတ်သားထားပြီး အရေးပေါ်ဖြစ်လာပါက အချိန်မီ သတင်းပေးပို့သင့်ပါသည်။

မိမိ၏ ပေါ့လျော့မှုကြောင့် မီးလောင်မှုဖြစ်ပွားရပါက ဥစ္စာနေများ ဆုံးရှုံး၍ အသက်အန္တရာယ်ပါ ကြုံတွေ့နိုင်သည့်အပြင် တရားစွဲဆိုခံရနိုင်ပြီး မိမိပတ်ဝန်းကျင်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထပ်မံဆုံးရှုံးစေကာ နိုင်ငံတော်၏ ဘဏ္ဍာငွေများကိုလည်း ဆုံးရှုံးစေနိုင်ပါသည်။ ယင်းကဲ့သို့ ဖြစ်ပေါ်စေခြင်းသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်မှုအား နှောင့်နှေးကြန့်ကြာမှုကို ဖြစ်ပေါ်စေ၍ GDP တိုးတက်မှုကို ကြန့်ကြာစေပါသည်။ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ပြည်သူတိုင်းအတွက် ထိခိုက်နစ်နာမှုအများဆုံး ဖြစ်ပေါ်စေသောကြောင့် မီးဘေးအန္တရာယ် လုံးဝမဖြစ်ရအောင် ပြည်သူတိုင်းမှာ တာဝန်ကိုယ်စီရှိကြပါသည်ဟု သိစေလိုပါသည်။

သို့ဖြစ်ပါ၍ “ကုစားခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပို၍ကောင်းမွန်ပါသည်”ဟု ကျန်းမာရေးဆောင်ပုဒ်နှင့်အညီ ပြည်သူတိုင်းမှ ကောင်းမွန်သော အသိစိတ်ဓာတ်ဖြင့် ပြည်သူလူထုတစ်ရပ်လုံးက စည်းကမ်းတကျ သတိထားဆင်ခြင်မှုများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြ၍ မီးဘေးအန္တရာယ်လုံးဝမဖြစ်ရလေအောင် “မီးဘေးရှောင်- မလောင်ခင်တားကြပါစို့” လို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား UN Mission on By Election အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လေ့လာရန် ရောက်ရှိနေသော UN Mission on By Election အဖွဲ့မှ Asia and the Pacific Division Department of Political Affairs, Director, Mr. Tamrat Samuel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၏ နေအိမ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာများနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများက ဥပဒေနှင့်အညီ ပါဝင်ယှဉ်ပြိုင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား UN Mission on By Election အဖွဲ့မှ Asia and the Pacific Division Department of Political Affairs, Director, Mr. Tamrat Samuel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတကာ အင်တာနက်သတင်း

ကမ္ဘာ့အကြီးဆုံး၊ အမြင့်ဆုံးနှင့် အရှည်ဆုံးကြိုးတံတား တရုတ်၌ဖွင့်လှစ်

ဂျီရှို မတ် ၃၁

အမြင့် ၁၁၀၂ ပေမှ နေ၍ ချောက်နှုတ်ခမ်းနှစ်ဖက်ထိပ်ရှိ ဥမင်လိုဏ်ခေါင်းများကို ဆက်သွယ်ပေးထားသော ဧရာမမော်တော်ကားလမ်းကြိုးတံတားကြီးတစ်စင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ် ဂျီရှိုဒေသတွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။**(ဓါတ်ပုံ)**

ကမ္ဘာပေါ်တွင် အကြီးဆုံး၊ အမြင့်ဆုံးနှင့် အရှည်လျားဆုံးဖြစ်သော အဆိုပါဥမင်ကူး ကြိုးတံတားကြီးကို ၂၀၀၇ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယမန်နှစ် နှစ်ကုန်ပိုင်းတွင် တည်ဆောက်မှုလုပ်ငန်းများပြီးစီးခဲ့သည်။ တံတား၏အရှည်မှာ ပေ၄၀၀၀ခန့်ရှိပြီး အိုက်ကျိုင်း(Aizhai) ဟု အမည်ပေးထားသည်။

နှစ်လမ်းမောင်း ယာဉ်ကြောလေးခုပါဝင်ကာ မော်တော်ယာဉ်များ တံတားပေါ်တွင် တစ်နာရီလျှင် မိုင်၅၀ နှုန်း မောင်းနှင်နိုင်သည့် အဆိုပါ ကြိုးတံတားကြီးမှာ ဂျီရှို-ချာတုန် အမြန်လမ်းမကြီး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အင်တာနက်။

ယနေ့ သတင်းအညွှန်း

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များသို့ ပြည်ပသတင်းထောက် ၁၃၇ ဦးနှင့် ပြည်တွင်းသတင်းထောက် ၄၂၇ ဦးတို့ လွယ်ကူချောမွေ့စွာ သတင်းများရယူကြမည်

ပြည်တွင်းသတင်း
စာမျက်နှာ - ၈

မြောက်ကိုရီးယား ပစ်လွှတ်သည့် ဒုံးကျည်သည် ဂျပန်ကို ခြိမ်းခြောက်ပါက ကြားဖြတ် ပစ်ချမည်ဟု ဆို

နိုင်ငံတကာသတင်း
စာမျက်နှာ - ၅

မိမိ၏ ပေါ့လျော့မှုကြောင့် မီးလောင်မှု ဖြစ်ပွားပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၂၈၅) အရ တရားစွဲဆိုခံရနိုင်၍ မီးဘေးအန္တရာယ် မဖြစ်အောင် သတိတရားထားပြီး ဂရုစိုက်နေထိုင်ရန် တာဝန်ကိုယ်စီရှိ

ယနေ့ဖတ်စရာ
စာမျက်နှာ - ၁၀

နိုင်ငံတကာ အားကစားသတင်း

မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ဘီဘာအိုကြယ်ပွင့် မာကယ်လ်ဆူဆေးတာအား ဈေးနှုန်းသတ်မှတ်

မန်ချက်စတာ မတ် ၃၁

မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့သည် ဘီဘာအိုအသင်းမှ တောင်ပံကစားသမား မာကယ်လ်ဆူဆေးတာအား အပြောင်းအရွှေ့ဈေးနှုန်းကို ပေါင်ခြောက်သန်းအဖြစ် သတ်မှတ်ထားကြောင်း စေ့ဆော်ထားသည်။

အသက်(၂၄)နှစ်ရွယ်ရှိ စပိန်နိုင်ငံသား တောင်ပံကစားသမား မာကယ်လ်ဆူဆေးတာသည် ဘီဘာအိုနှင့် လက်ရှိစာချုပ်သက်တမ်းကျန်ရှိနေကြောင်းနှင့် အထက်ပါ ပေါင်ခြောက်သန်း သတ်မှတ်ခြင်းအပေါ် ဒေါသဖြစ်ကာ ပေါင် ၁၅ သန်းရရှိပါက ဘီဘာအိုအသင်းမှ ထွက်ခွာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် မာကယ်လ်ဆူဆေးတာအား ဈေးနှုန်းသတ်မှတ်ရာ၌ ချယ်လ်ဆီးပါဝင်ခဲ့သည့်အပြင် ချယ်လ်ဆီးအသင်းအနေဖြင့် အာဂျင်တီးနားတောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာကိုလည်း ပစ်မှတ်ထားနေကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။



ဆူဆေးတာမှာမူ ယခင်က စပိန် အသက်(၂၁)နှစ်အောက် ပြိုင်ပွဲများတွင် ငွေကြယ်ပွင့်တစ်ပွင့်အဖြစ် နာမည်ရခဲ့ပြီး ဘီဘာအိုသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာ အနုပညာရပ်ဝန်း

ဟယ်ရီပေါ်တာနှင့် အတူ မှော်ဆရာခရီးနှင်နိုင်ပြီ

လန်ဒန် မတ် ၃၁

ဟယ်ရီပေါ်တာဝတ္ထုဇာတ်လမ်းနှင့် ရုပ်ရှင်ချစ်သူပရိသတ်များအတွက် ဟယ်ရီပေါ်တာ ဇာတ်ကောင်နှင့်အတူ ဇာတ်ဝင်နေရာဖြစ်သော ဟော့ဂ်ဝတ်ကျောင်းကြီးဆီသို့ သွားရောက်လည်ပတ်နိုင်မည့် မှော်ဆရာ၏ ခရီးစဉ်ကို စိတ်ကူးယဉ်ဆန်ဆန်သွားနိုင်ကြပြီဖြစ်သည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အနောက်မြောက်ဘက်ဆင်ခြေဖုံးဒေသတွင် ဧရိယာစတုရန်းပေ တစ်သိန်းခွဲကျော် ကျယ်ဝန်းသော မြေပေါ်၌ ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်ကာလ ဟယ်ရီပေါ်တာဇာတ်ကားတွဲကို ပထမဆုံးစတင်ရိုက်ကူးစဉ်ကပင် ဇာတ်ဝင်ခန်းများအတွက် စတူဒီယိုကြီးကို တည်ဆောက်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့◆

ဟယ်ရီပေါ်တာ ဇာတ်ကားများ၏ အဓိကဇာတ်ဝင်ခန်းနေရာဖြစ်သော ဟော့ဂ်ဝတ်ကျောင်းတော်ကြီး ပုံစံငယ်ကို တွေ့ရစဉ်။